မန်းမြေငွေစာရင်းဦးစီးဌာန

# ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်
# မန္တလေးတိုင်းဒေသကြီး၏ နောက်ထပ်
# ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

# ၂၀၁၆- ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏

# နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

(၂၀၁၇ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁။)

၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်

( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက် )

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့်အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

## အခန်း(၂)

## နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့်စီမံခန့်ခွဲခြင်း

၂။ (က) မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ဇယား(၁)၊(၂)နှင့်(၃)တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၆ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ နှင့် ၂၀၁၆ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေအရခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်း ဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊၂၀၁၆ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊၂၀၁၆ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

13/3

ဒေါက်တာ ဇော်မြင့်မောင်

ဝန်ကြီးချုပ်

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံးနှင့်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၆ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၄၉၁.၈၀၉ | | | ၆၂၇.၆၀၀ | | | | ၁၁၁၉.၄၀၀ |
| ၂ | ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | ၄၅၁.၈၃၄ | | | | ၄၅၁.၈၃၄ |
| ၃ | ၄ | တိုင်းဒေသကြီးဥပဒေချုပ်ရုံး | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | | | | ၆.၄၀၃ | | | | ၆.၄၀၃ |
| ၄ | ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၁၄.၂၄၃ | | | ၃.၀၈၈ | | | | ၁၇.၃၃၁ |
| | | | ပေါင်း | ၅၀၆.၀၅၂ | | | ၁၀၈၈.၉၂၆ | | | | ၁၅၉၄.၉၇၈ |

## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၆ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | | ပြည်ထဲရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၆၅၁.၁၃၄ | | | ၅၃.၃၃၄ | | | | ၇၀၄.၄၆၈ |
| | | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၅၇၂.၇၄၃ | | | ၁၆.၈၉၃ | | | | ၅၈၉.၆၃၆ |
| | | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | | ၁.၆၂၃ | | | | ၁.၆၂၃ |
| | | ၃ | မီးသတ်ဦးစီးဌာန | | ၇၈.၃၉၁ | | | ၃၄.၈၁၈ | | | | ၁၁၃.၂၀၉ |
| ၂ | ၂ | | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း | ၎င်း | ၁၆.၂၁၉ | | | ၀.၄၅၀ | | | | ၁၆.၆၆၉ |
| | | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၅.၈၄၁ | | | | | | | ၅.၈၄၁ |
| | | ၃ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၉.၃၇၈ | | | | | | | ၉.၃၇၈ |
| | | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁.၀၀၀ | | | ၀.၄၅၀ | | | | ၁.၄၅၀ |
| ၃ | ၃ | | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၎င်း | ၅၈.၅၉၅ | | | ၂၂.၉၂၀ | | | | ၈၁.၅၁၅ |
| | | ၁ | သစ်တောဦးစီးဌာန | | ၂၈.၇၀၂ | | | ၂၀.၇၈၆ | | | | ၄၉.၄၈၈ |
| | | ၂ | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန | | ၂၂.၄၈၃ | | | ၀.၉၁၁ | | | | ၂၃.၃၉၄ |
| | | ၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၇.၄၁၀ | | | ၁.၂၂၃ | | | | ၈.၆၃၃ |
| ၄ | ၄ | | ကျန်းမာရေးနှင့်အားကစား | ၎င်း | ၅၃.၇၀၀ | | | ၇.၀၅၀ | | | | ၆၀.၇၅၀ |
| | | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၅၃.၇၀၀ | | | ၇.၀၅၀ | | | | ၆၀.၇၅၀ |
| ၅ | ၅ | | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၎င်း | | | | ၅.၇၄၉ | | | | ၅.၇၄၉ |
| | | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | | ၅.၇၄၉ | | | | ၅.၇၄၉ |
| ၆ | ၆ | | ဆောက်လုပ်ရေး | ၎င်း | ၁၆၀.၃၂၄ | | | ၁၁၃၃.၆၄၃ | | | | ၁၂၉၄.၉၆၇ |
| | | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၄၀.၅၄၂ | | | ၈၅၁.၉၅၀ | | | | ၈၉၃.၄၉၂ |
| | | ၂ | လမ်းဦးစီးဌာန | | ၁၁၉.၇၈၂ | | | ၂၈၁.၆၉၃ | | | | ၄၀၁.၄၇၅ |
| ၇ | ၇ | | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | ၎င်း | ၇၈၉၃.၂၆၂ | | | ၉၆၄၈.၈၆၄ | | | | ၁၇၅၄၂.၁၂၆ |
| ၈ | ၈ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၂၅၃.၀၅၁ | | | ၇၉၈.၅၂၅ | | | | ၁၀၅၁.၅၇၆ |
| | | | ပေါင်း | | ၉၀၈၆.၂၈၅ | | | ၁၁၆၇၀.၅၃၅ | | | | ၂၀၇၅၆.၈၂၀ |

## တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၆ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | လျှပ်စစ်စွမ်းအား | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၅.၂၈၈ | | | ၇၆.၇၃၅ | | | | ၈၂.၀၂၃ |
| | | လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | ၅.၂၈၈ | | | ၇၆.၇၃၅ | | | | ၈၂.၀၂၃ |
| | | ပေါင်း | | ၅.၂၈၈ | | | ၇၆.၇၃၅ | | | | ၈၂.၀၂၃ |